# ပြည်သူ့လွှတ်တော် အစည်းအဝေးကျင်းပမှုကို လာရောက်လေ့လာ

နေပြည်တော် စက်တင်ဘာ ၂၅

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းဟောင်းများအသင်းမှ ဗဟိုအဖွဲ့ဝင် ဦးမောင်မောင်စိုး ဦးဆောင်သော အဖွဲ့ (၄) ဦး၊ နေပြည်တော်ကောင်စီ မြန်မာအမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း (MWCDF) ဥက္ကဋ္ဌ ဒေါ်မော်မော်ထွန်း ဦးဆောင်သော အသင်းသူ (၂၃) ဦးနှင့် Jasmine May ကိုယ်ပိုင် မူလတန်းကျောင်း မှ ကျောင်းအုပ်ကြီး ဒေါ်မေသူဇာခိုင် ဦးဆောင်သော ဆရာ/ဆရာမ ၊ ကျောင်းသား/ ကျောင်းသူ (၉၅) ဦး၊ စုစုပေါင်း (၁၂၂) ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် တတိယအကြိမ် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ကျင်းပမှုကို လာရောက်လေ့လာ ပြီး လွှတ်တော် အဆောက်အအုံများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထို့အပြင် Jasmine May ကိုယ်ပိုင် မူလတန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်မေသူဇာခိုင် ဦးဆောင်သော ဆရာ/ဆရာမ ၊ ကျောင်းသား/ ကျောင်းသူတို့သည် ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာစဉ်အတွင်း လွှတ်တော်အစည်းအဝေးကျင်းပပုံနှင့် မေးခွန်းမေးမြန်း၊ ဖြေကြားခြင်းကို Mock Parliament တစ်ရပ်အသွင် သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြသည်။

(သတင်းစဉ်)